
## စစ်အာဏာသိမ်းပြီးနောက် အရပ်သား* သေဆုံးမှု ၅,၆၀၀ ကျော် ရှိလာ

၂၀၂၂ ခုနှစ် မေ ၁၀ ရက်အထိ ဖြစ်ပါသည်။





၂၀၂၂ ခုနှစ်၊ မေ ၁၀ ရက်အထိ စစ်အာဏာသိမ်းမှုဖြစ်စဉ်နှင့် ဆက်စပ်သောပဋိပက္ခများကြောင့် သေဆုံးခဲ့ရသော အရပ်သားဦးရေ **၅,၆၄၆ ဦး** ထက်မနည်း ရှိခဲ့သည်။ ထို **၅,၆၄၆ ဦး**အနက် **၁,၈၃၁ ဦး**သည် ဆန္ဒပြနေစဉ်ပစ်ခတ်ခံရခြင်းနှင့် ဖမ်းဆီးခံရပြီးနောက် သေဆုံးခဲ့ရသူများဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများအတွင်း သေဆုံးခဲ့ရသူ **၆၉၀ ဦး**ထက်မနည်းရှိခဲ့ပါသည်။ စစ်ကောင်စီ၏ ထုတ်ပြန်ချက်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) ဥက္ကဋ္ဌ၏ ပြောဆိုချက်ကို အခြေခံပြီး ခန့်မှန်းတွက်ချက်မှုများအရ အစိုးရဝန်ထမ်း၊ USDP ပါတီဝင်များနှင့် အခြားသော ဒလန်ဟုစွပ်စွဲခံရပြီး သေဆုံးခဲ့ရသူ **၃,၁၀၇ ဦး** ထက်မနည်း ရှိခဲ့သည်။ ထို့အပြင် သွေးသောက်အဖွဲ့၏ သတ်ဖြတ်ခြင်းကိုခံရသူ **၁၈ ဦး**ထက်မနည်းရှိခဲ့သည်။ စစ်ကောင်စီ၏စာရင်းနှင့် USDP ၏ပြောဆိုချက်များကို သီးခြားလွတ်လပ်သည့်အဖွဲ့များမှ အတည်ပြုထားခြင်း မရှိသည်ကို သတိပြုရမည် ဖြစ်ပါသည်။

* အရပ်သားဟုဆိုရာတွင်လုံခြုံရေးတပ်ဖွဲ့ဝင်မဟုတ်သောသူများကိုဆိုလိုပါသည်။

ရည်ညွှန်း - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) ၏ မှတ်တမ်းများ၊ စစ်ကောင်စီ၏ ထုတ်ပြန်ချက်များ၊ USDP ၏ ထုတ်ပြန်ချက်များနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပါသည်။

## စစ်ကိုင်းတိုင်းတွင် အရပ်သားအများဆုံးသေဆုံးခဲ့

၂၀၂၂ ခုနှစ် မေ ၁၀ ရက်အထိ ဖြစ်ပါသည်။





နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် မေ ၁၀ ရက်အထိ စစ်ကိုင်းတိုင်းတွင် အရပ်သားသေဆုံးမှု အများဆုံးရှိခဲ့ပြီး စုစုပေါင်း **၅၉၉ ဦး**ထက်မနည်း ရှိခဲ့သည်။ ထို့အပြင် ရန်ကုန်တိုင်းတွင် **၂၈၃ ဦး**နှင့် မန္တလေးတိုင်းတွင် **၂၈၁ ဦး** အသီးသီးရှိခဲ့ပါသည်။ ထိုတိုင်းဒေသကြီးသုံးခုတွင် သေဆုံးခဲ့ရသည့် အရပ်သားအရေအတွက်သည် နိုင်ငံတဝန်း အရပ်သားသေဆုံးမှု၏ **၆၄ ရာခိုင်နှုန်း**အထိ ရှိခဲ့သည်။ ပဲခူးတိုင်းနှင့် မကွေးတိုင်းတို့တွင်လည်း အရပ်သားသေဆုံးသူ စုစုပေါင်း **၃၀၄ ဦး**ထက်မနည်း ရှိခဲ့သည်။

ရည်ညွှန်း - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက်ပိုမိုများပြားနိုင်ပါသည်။

## စစ်ကောင်စီ၏ ဖမ်းဆီးခံရပြီးနောက် ၄၄၅ ဦး ထက်မနည်း သေဆုံးခဲ့

၂၀၂၂ ခုနှစ် မေ ၁၀ ရက်အထိ ဖြစ်ပါသည်။




နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ ၂၀၂၂ ခုနှစ် မေ ၁၀ ရက်နေ့အထိ သေဆုံးခဲ့ရသူ **၁,၈၃၁ ဦး** ရှိခဲ့ပြီး ထိုအထဲတွင် စစ်ကောင်စီ၏ ဖမ်းဆီးခံရပြီးနောက် သေဆုံးခဲ့ရသူ **၄၄၅ ဦး** ထက်မနည်းရှိခဲ့သည်။ အဆိုပါ သေဆုံးသူများအနက် ဖမ်းဆီးခံရစဉ် ညှင်းပန်းနှိပ်စက်မှုများကြောင့် သေဆုံးသူ **၃၁၄ ဦး**၊ စစ်ကြောရေးတွင် သေဆုံးသူ **၁၀၁ ဦး**၊ ရဲစခန်းနှင့် အကျဉ်းထောင်များ စသည့်နေရာတို့တွင် သေဆုံးခဲ့ကြသူ **၃၀ ဦး**တို့ ပါဝင်ပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသား များကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို စစ်ကောင်စီက ငြင်းဆန်ထားပါသည်။

ရည်ညွှန်း - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။

## သွေးသောက်အဖွဲ့၏ သတ်ဖြတ်မှုကြောင့် သေဆုံးသူ ၁၈ ဦးအထိရှိလာ

၂၀၂၂ ခုနှစ် မေ ၁၀ ရက်အထိ ဖြစ်ပါသည်။

### မန္တလေးတိုင်း

သွေးသောက်အဖွဲ့သည် မန္တလေးတိုင်းအတွင်း လှုပ်ရှားမှုအားအကောင်းဆုံးဖြစ်သည်။ ၎င်းတို့ စတင်လှုပ်ရှားသည့် ၂၀၂၂ ခုနှစ် ဧပြီ ၂၄ ရက် မှ မေ ၁၀ ရက်အတွင်း မန္တလေးတိုင်းတွင် အရပ်သား **၁၅ ဦး**ခန့် သတ်ဖြတ်ခံခဲ့ရပြီး အဆိုပါ ဖြစ်စဉ်များအတွင်း အရပ်သား **တဦး** ပြင်းပြင်းထန်ထန် ထိခိုက် ဒဏ်ရာ ရရှိခဲ့သည်။

### တနင်္သာရီတိုင်း


တနင်္သာရီတိုင်း၊ လောင်းလုံမြို့နယ်၌ သွေးသောက်အဖွဲ့ကဲ့သို့ လှုပ်ရှားလာသည့် စွန်ရဲအဖွဲ့က ၂၀၂၂ ခုနှစ် ဧပြီ ၂၈ ရက်တွင် NLD ပါတီဝင် သုံးဦးကို နေအိမ်တွင်း ဝင်ရောက်ပစ်ခတ်ခဲ့ရာ **နှစ်ဦး** သေဆုံးခဲ့ပြီး **တဦး** ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

### ရန်ကုန်တိုင်း

၂၀၂၂ ခုနှစ် ဧပြီ ၂၈ ရက်တွင် ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၌ အရပ်သား **တဦး**ကို သွေးသောက်အဖွဲ့က သတ်ဖြတ်ခဲ့သည်။ အဆိုပါ သတ်ဖြတ်ခြင်းခံရသူသည် PDF တပ်ဖွဲ့တွင်း တာဝန်ထမ်းဆောင်နေသူ၏ အဖိုးတော်စပ်သူ ဖြစ်သည်။

### ၁၈ ဦး

၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ပေါ်ပေါက်လာခဲ့သော သွေးသောက်အဖွဲ့ကြောင့် ဧပြီ ၂၄ ရက်မှ မေ ၁၀ ရက်အတွင်း အရပ်သား **၁၈ ဦး**သေဆုံးခဲ့ရပြီး အရပ်သား **နှစ်ဦး** ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သွေးသောက်အဖွဲ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်များ၊ ပါတီဝင်များ၏မိသားစုများ၊ စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်ပြီး ပြည်သူ့ကာကွယ်ရေးတပ် (PDF) များကို ကူညီထောက်ပံ့ပေးနေသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်းများကို လုပ်ဆောင်ခဲ့သည်။




ရည်ညွှန်း - ဖော်ပြပါအချက်အလက်များသည် လွတ်လပ်သော သတင်းမီဒီယာများနှင့် ISP-Myanmar ၏ မှတ်တမ်းပြုစုချက်များကို အခြေခံ၍ ဖော်ပြထားခြင်းဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။